# ရေကြောင်း၊ လေကြောင်းနှင့် ခရီးသွားအာမခံဌာန

ရေကြောင်း၊ လေကြောင်းနှင့် ခရီးသွားအာမခံဌာနမှ လက်ခံဆောင်ရွက်လျက်ရှိသော အာမခံအမျိုးအစား-
၁။ ရေကြောင်းကုန်ပစ္စည်းအာမခံ
၂။ ရေယာဉ်ကိုယ်ထည်အာမခံ
၃။ ခရီးသွားအာမခံ

## ၁။ ရေကြောင်းကုန်ပစ္စည်းအာမခံ

ရေလမ်း၊ ကုန်းလမ်း၊ လေကြောင်းလမ်းများတွင် မည်သည့်ယာဉ်ဖြင့် သယ်ဆောင်သည် ဖြစ်စေခရီးတစ်ခေါက်ချင်းအလိုက် အာမခံထားရှိနိုင်ပါသည်။ လုံးဝနစ်မြုပ်ဆုံးရှုံးမှုအကာအကွယ် နှင့် အလုံးစုံအန္တရာယ်အကာအကွယ် (၂) မျိုးဖြင့် အာမခံတန်ဖိုးအမြင့်ဆုံးကျပ်သန်း ၁၀၀၀ အထိလက်ခံဆောင်ရွက်ပေးပါသည်။

### လုံးဝဆုံးရှုံးမှုအကာအကွယ်

**ပရီမီယံနှုန်းများ**

| | |
|---|---|
| - မြစ်တွင်းသွားရေယာဉ် (သို့) ကုန်တင်ကားဖြင့်သယ်လျှင် | - ၀.၁၄% |
| - ကမ်းရိုးတန်းသွားရေယာဉ်ဖြင့်သယ် (အောက်တိုဘာ ၁၆ မှ ဧပြီ ၃၀ အထိ) | - ၀.၂၈% |
| - ကမ်းရိုးတန်းသွားရေယာဉ်ဖြင့်သယ် (မေလ ၁ မှ အောက်တိုဘာ ၁၅ အထိ) | - ၀.၅၆% |
| - ကားဖြင့်လောင်စာဆီသယ် | - ၀.၂၈% |
| - ကားဖြင့်ကွဲရှလွယ်ပစ္စည်းသယ် | - ၀.၈၀% |

### လျော်ကြေးပေးချေမှု

အာမခံထားသည့်ကုန်ပစ္စည်းများသယ်ဆောင်သည့်ရေယာဉ်သည် သဘာဝဘေးအန္တရာယ် (သို့) မမြင်နိုင်သည့်အရာဝတ္ထုတစ်ခုနှင့် မတော်တဆထိခိုက်မှု (သို့) မီးလောင်၍သော်လည်းကောင်း၊ ရေယာဉ်လုံးဝနစ်မြုပ်၍ ကုန်ပစ္စည်းများပျက်စီးဆုံးရှုံးမှသာလျော်ကြေးအကျုံးဝင်ပါသည်။

ကုန်းလမ်းသည်လည်း အလားတူပင် ယာဉ်ထိခိုက်၍ ကုန်ပစ္စည်းလုံးဝပျက်စီးမှသာ အကျုံးဝင်ပါသည်။

တစ်စိတ်တစ်ဒေသပျက်စီးမှုအကျုံးမဝင်ပါ။ (Institute Cargo Clause (CL-254))

### အလုံးစုံအန္တရာယ်အကာအကွယ်

ပို့ကုန်နှင့်သွင်းကုန်များအတွက်သာလက်ခံဆောင်ရွက်ပါသည်။

**ပရီမံယံနှုန်းများ**

| | | |
|---|---|---|
| အထွေထွေကုန်ပစ္စည်း | | - ၀.၅၆% |
| ကွဲရှလွယ်ပစ္စည်း၊ ဓာတ်မြေသြဇာ | | - ၀.၈၀% |
| ထပ်တိုးပရီမီယံ | - ရေယာဉ်လွှဲပြောင်းတင်ဆောင်ခြင်း | - ၀.၂၈% |
| | - ဒေသတစ်ခုတွင်ခေတ္တရပ်နားခြင်း | - ၀.၁၄% |
| | - စူးအက်ဖြတ်ခြင်း | - ၀.၀၃၇၅% |

- စစ်ကြေးနှင့်အပိုအန္တရာယ် - ၀.၀၅%

**လျော့ကြေးပေးချေမှု**

အာမခံအကာအကွယ်များအနက် အကျယ်ပြန့်ဆုံးဖြစ်၍ တစ်စိတ်တစ်ဒေသ ဆုံးရှုံးမှုကိုလည်း လျော်ကြေးပေးပါသည်။ ရေကြောင်းအန္တရာယ်အပြင် အခြားအန္တရာယ် (၁၆)မျိုးကြောင့် ပျက်စီးမှုကို အကာအကွယ်ပေးပါသည်။ (Institute Cargo Clause (CL-252))

**၂။ သင်္ဘောကိုယ်ထည်အာမခံ**

ရေယာဉ်ကိုယ်ထည်နှင့် ရေယာဉ်ပေါ်ရှိစက်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများ အပါအဝင် အာမခံထားရှိနိုင်ပါသည်။ ဆိပ်ခံဘော၊ တံတားခံဘောများလည်းအာမခံထားရှိနိုင်ပါသည်။ လုံးဝနစ်မြုပ်ဆုံးရှုံးမှုအကာအကွယ်နှင့် အလုံးစုံအန္တရာယ်အကာအကွယ်(၂)မျိုးဖြင့် လက်ခံဆောင်ရွက်ပေးပါသည်။ ပုဂ္ဂလိကပိုင် သင်္ဘောများအား လုံးဝနစ်မြုပ်ဆုံးရှုံးမှုအကာအကွယ်ဖြင့်သာ လက်ခံဆောင်ရွက်ပေးပါသည်။ အာမခံသက်တမ်းကို ခရီးတစ်ခေါက်အပြင် (၁)လ မှ (၁)နှစ်အထိ ထားရှိနိုင်ပါသည်။

**လုံးဝဆုံးရှုံးမှုအကာအကွယ်**

အာမခံထားလိုသည့်ရေယာဉ်နှင့်ပတ်သက်၍ အဆိုလွှာဖြည့်စွက်ရာတွင် အကြောင်းအရာအပြည့်အစုံကို ထိန်ချန်ခြင်းမရှိဘဲ ရိုးသားစွာအမှန်အတိုင်းတင်ပြရန်လိုပါသည်။ အဆိုလွှာနှင့်အတူ ရေယာဉ်လိုင်စင်၊ ဓာတ်ပုံ၊ ရေယာဉ်မှူးအောင်လက်မှတ်နှင့် ကိုယ်ရေးရာဇဝင်အကျဉ်း၊ ရေယာဉ်တန်ဖိုးအထောက်အထားများတင်ပြရပါမည်။ ရေယာဉ်သက်တမ်းနှစ် ၂၀ ကျော်လျှင် ကျသင့်ပရီမီယံ၏ ၁၀% ပိုသွင်းရမည်။

**ပရီမီယံနှုန်းများ**

| | | |
|---|---|---|
| - သံကိုယ်ထည် | - မြစ်တွင်းကုန်တင်ယာဉ် | - ၁.၀% |
| | - မြစ်တွင်းလောင်စာဆီတင် | - ၁.၂% |
| | - ကမ်းရိုးတန်းကုန်တင် | - ၁.၄% |
| | - ကမ်းရိုးတန်းဆီတင်/ ငါးဖမ်း | - ၁.၆% |
| - သစ်သားကိုယ်ထည် | - မြစ်တွင်းကုန်တင်ယာဉ် | - ၁.၄% |
| | - ကမ်းရိုးတန်းကုန်တင် | - ၁.၈% |
| | - ကမ်းရိုးတန်းငါးဖမ်း | - ၂.၀% |

**လျော့ကြေးပေးချေမှု**

ရေကြောင်းသဘာဝဘေးအန္တရာယ်ကြောင့် (သို့) မတော်တဆထိခိုက်မှုကြောင့် လုံးဝပျက်စီးဆုံးရှုံးပါကပေးလျော်သောအကာအကွယ်ဖြစ်ပါသည်။ (Institute Time Clause(CL-289))

အလုံးစုံအန္တရာယ်အကာအကွယ်လက်ခံဆောင်ရွက်ရာတွင် အစိုးရဌာနပိုင်နှင့် နိုင်ငံခြားသွားရေယာဉ်များသာလက်ခံဆောင်ရွက်ပြီး၊ ပရီမီယံနှုန်း၂% မှ၃% ထိရှိပါသည်။။ (Institute Time Clause (CL-280))

**၃။ ခရီးသွားအာမခံ**

(၁) ပြည်တွင်းပြည်ပခရီးစဉ်များအတွင်း ခရီးသည်များမတော်တဆထိခိုက်မှုကြောင့် ဒဏ်ရာရရှိခြင်းနှင့် သေဆုံးခြင်းအတွက် ထားရှိနိုင်သောအာမခံအကာအကွယ်ဖြစ်ပါသည်။ ခရီးသွားအာမခံအမျိုးအစားများမှာ-

(၁) အဝေးပြေးယာဉ်လိုင်းစီးခရီးသည်များအတွက် ခရီးသွားအာမခံ
(၂) လေယာဉ်စီးခရီးသည်များအတွက် ခရီးသွားအာမခံ
(၃) ခရီးသွားဝန်ဆောင်မှုကုမ္ပဏီများအစီအစဉ်ဖြင့်သွားသောခရီးသည်များအတွက် ခရီးသွားအာမခံ
(၄) ဘုရားဖူးယာဉ်စီးခရီးများအတွက် ခရီးသွားအာမခံ
(၅) ကမ္ဘာလှည့်ခရီးသည်များအတွက် ခရီးသွားအာမခံ

(၂) ခရီးသွားအာမခံထားရှိမည်ဆိုပါကအောက်ပါအချက်အလက်များလိုအပ်ပါသည်။
(၁) အာမခံထားသူအမည်
(၂) ဖခင်အမည်
(၃) မှတ်ပုံတင်အမှတ်
(၄) အမြဲတမ်းနေထိုင်သည့်လိပ်စာ
(၅) သွားရောက်မည့်ခရီးစဉ်
(၆) ခရီးစတင်ထွက်ခွာမည့်နေ့၊ ပြန်ရောက်မည့်နေ့
(၇) အာမခံထားငွေ
(၈) အကျိုးခံစားခွင့်လွှဲပြောင်းမည့်သူစာရင်း
(၉) တော်စပ်ပုံ
(၁၀) ဖခင်အမည်
(၁၁) မှတ်ပုံတင်အမှတ်
(၁၂) အမြဲတမ်းနေထိုင်သည့်လိပ်စာတို့လိုအပ်ပါသည်။

(၃) ပရီမီယံနှုန်းများမှာအောက်ပါအတိုင်းဖြစ်ပါသည်။

**အဝေပြေးယာဉ်လိုင်းစီးခရီးသည်များအတွက် -**

ပရီမီယံအနည်းဆုံးကျပ်၁၀ဝိ/- မှအများဆုံးကျပ် ၃၀ဝိ/- အထိဝယ်ယူနိုင်ပါသည်။

**လေယာဉ်စီးခရီးသည်များအတွက်-**

လေဆိပ်တစ်ခုမှတစ်ခုသို့ ခရီးစဉ်တစ်ခေါက်အတွက် ပရီမီယံ- ၅၀ဝိ/- ပေါ်တွင် အကာအကွယ် ကျပ် သိန်း ၅၀ ခံစားနိုင်မည်ဖြစ်ပါသည်။

**ခရီးသွားဝန်ဆောင်မှုကုမ္ပဏီအစီအစဉ်ဖြင့်သွားသောခရီးသည်များအတွက် ခရီးသွားအာမခံနှင့် ဘုရားဖူးယာဉ်စီးခရီးသည်များအတွက်-**

မြန်မာနိုင်ငံသား (ပြည်တွင်းလှည့်လည်စဉ်)

| ပရီမီယံနှုန်း | အကျိုးခံစားခွင့် |
|---|---|
| ၁ ရက်ခရီးကျပ် ၁၀၀/- (၁ယူနစ်နှုန်း) | (၁)ယူနစ်မှ (၂၀)ယူနစ် အထိ |
| ၃ ရက်ခရီးကျပ် ၁၅၀/- (၁ယူနစ်နှုန်း) | ဝယ်ယူနိုင်ပါသည်။ |
| ၇ ရက်ခရီးကျပ် ၂၀၀/- (၁ယူနစ်နှုန်း) | အနည်းဆုံး(၁)ယူနစ် ကျပ် (၅) သိန်း မှ |
| ၂ ပတ်ခရီးကျပ် ၂၅၀/- (၁ယူနစ်နှုန်း) | အများဆုံး (၂၀)ယူနစ်ကျပ် သိန်း |
| ၁ လခရီးကျပ် ၃၀၀/- (၁ယူနစ်နှုန်း) | (၁၀၀) ထိဖြစ်ပါသည်။ |
| ၁ လ နှင့် ၁၅ ရက်ခရီးကျပ် ၃၅၀/- (၁ယူနစ်နှုန်း) | |
| ၃ လခရီးကျပ် ၅၀၀/- (၁ယူနစ်နှုန်း) | |
| <u>မြန်မာနိုင်ငံသား(ပြည်ပလှည့်လည်စဉ်)</u> | |
| ၁ ပတ်ခရီးကျပ် ၂၀၀/- (၁ယူနစ်နှုန်း) | (၁)ယူနစ်မှ (၂၀)ယူနစ် အထိ |
| ၂ ပတ်ခရီးကျပ် ၂၅၀/- (၁ယူနစ်နှုန်း) | ဝယ်ယူနိုင်ပါသည်။ |
| ၄ ပတ်ခရီးကျပ် ၃၀၀/- (၁ယူနစ်နှုန်း) | အနည်းဆုံး (၁)ယူနစ် ကျပ် (၅) သိန်း |
| ၁ လ နှင့် ၁၅ ရက်ခရီးကျပ် ၃၅၀/- (၁ယူနစ်နှုန်း) | မှ အများဆုံး (၂၀)ယူနစ် ကျပ် သိန်း |
| ၂ လခရီးကျပ် ၄၀၀/- (၁ယူနစ်နှုန်း) | (၁၀၀) အထိဖြစ်ပါသည်။ |
| ၂ လ နှင့် ၁၅ ရက်ခရီးကျပ် ၄၅၀/- (၁ယူနစ်နှုန်း) | |
| ၃ လခရီးကျပ် ၅၀၀/- (၁ယူနစ်နှုန်း) | |
| <u>နိုင်ငံခြားသား (ကမ္ဘာလှည့်ခရီးသွားအာမခံ)</u> | |
| ၁ ပတ်ခရီးကျပ် ၅၀၀/- (၁ယူနစ်နှုန်း) | အနည်းဆုံး (၁)ယူနစ် ကျပ် (၅)သိန်း |

| | | |
|---|---|---|
| ၂ ပတ်ခရီးကျပ် ၁၀၀၀/- | (၁ယူနစ်နှုန်း) | မှ အများဆုံး (၂၀) ယူနစ် ကျပ် သိန်း (၁၀၀) အထိဖြစ်ပါသည်။ |
| ၄ ပတ်ခရီးကျပ် ၂၀၀၀/- | (၁ယူနစ်နှုန်း) | |
| ၂ လခရီးကျပ် ၄၀၀၀/- | (၁ယူနစ်နှုန်း) | |
| ၃ လခရီးကျပ် ၆၀၀၀/- | (၁ယူနစ်နှုန်း) | |

**(ဒေါ်လာဖြင့်)**

အနည်းဆုံးတစ်ယူနစ်အတွက် အကျိုးခံစားခွင့်မှာအမေရိကန်ဒေါ်လာ ၂,၅၀၀ ဖြစ်ပြီးအများဆုံးနှစ်ဆယ်ယူနစ်အတွက် အကျိုးခံစားခွင့်မှာအမေရိကန်ဒေါ်လာ ၅၀,၀၀၀ ဖြစ်ပါသည်။

| **အခြေခံပရီမီယံ** | **တစ်ယူနစ်အတွက်** |
|---|---|
| ၁ ပတ် | အမေရိကန်ဒေါ်လာ ၂.၀၀ |
| ၂ ပတ် | အမေရိကန်ဒေါ်လာ ၂.၅၀ |
| ၁ လ | အမေရိကန်ဒေါ်လာ ၃.၀၀ |
| ၂ လ | အမေရိကန်ဒေါ်လာ ၄.၀၀ |
| ၃ လ | အမေရိကန်ဒေါ်လာ ၅.၀၀ |

ထပ်ဆောင်းပရီမီယံ - တစ်ဦးလျှင်အမေရိကန်ဒေါ်လာ ၂.၀၀

**လျော်ကြေးအကျုံးမဝင်သည့်အချက်များ**

(က) ရှိရင်းစွဲကိုယ်အင်္ဂါချို့တဲ့မှုနှင့် ရှိရင်းစွဲရောဂါဘယများကြောင့် ဖြစ်ပွားခြင်း၊
(ခ) မိမိကိုယ်မိမိသေကြောင်းကြံစည်ခြင်း၊
(ဂ ) တမင်ရည်ရွယ်ချက်ဖြင့် မိမိကိုယ်ကိုထိခိုက်ဒဏ်ရာရရှိစေခြင်း၊
(ဃ) ယာဉ်ထိခိုက်မှုနှင့် ဆက်စပ်မှုမရှိသောမီးဖွားခြင်း၊ ကိုယ်ဝန်ပျက်ခြင်း၊
(င ) ရာဇဝတ်မှုကျူးလွန်ရန် ရည်ရွယ်ချက်ဖြင့် ဥပဒေချိုးဖောက်ခြင်း၊
(စ) မူးယစ်ဆေးဝါးသုံးစွဲခြင်း၊
(ဆ) စစ်၊သပိတ်မှောက်ခြင်း၊အဓိကရုဏ်းဖြစ်ခြင်း၊ အကြမ်းဖက်ဖျက်ဆီးခြင်း နှင့် ပြည်တွင်းမငြိမ်မသက်ဖြစ်ခြင်း